**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**

အမိန့်ကြော်ငြာစာအမှတ် ( ၆ /၂၀၁၇)
၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

**မျိုးသစ်အသိအမှတ်ပြုလက်မှတ်ခ ပြင်ဆင်သတ်မှတ်ခြင်း**

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် မျိုးစေ့ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်းပြုလုပ်လိုသူများက မျိုးသစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်းအား အောက်ဖော်ပြပါသီးနှံအုပ်စုများတွင်ပါဝင်သော **မျိုးကွဲတစ်မျိုးချင်းအလိုက်** မျိုးသစ်အသိအမှတ်ပြုလက်မှတ်ခဖြင့် **မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၉ (က) အရ "မျိုးသစ်အသိအမှတ်ပြုလက်မှတ်" အား ထုတ်ယူခွင့်ပြုလိုက်သည်။**

| စဉ် | သီးနှံအုပ်စုအမည် | သက်တမ်း(နှစ်) | မှတ်ပုံတင်လက်မှတ်ခ(ကျပ်) |
|---|---|---|---|
| ၁။ | လယ်ယာသီးနှံ | ၁၀ | ၅၀၀,၀၀၀ |
| ၂။ | ဥယျာဉ်ခြံသီးနှံ | | |
| | (က) ဟင်းသီးဟင်းရွက်မျိုးများ | ၁၀ | ၃၀၀,၀၀၀ |
| | (ခ) သစ်သီးမျိုးများ | ၁၀ | ၅၀၀,၀၀၀ |
| ၃။ | နှစ်ရှည်သီးနှံ | ၁၀ | ၅၀၀,၀၀၀ |
| ၄။ | မိဘမျိုးလိုင်း | ၁၀ | ၅၀၀,၀၀၀ |

အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၃.၂.၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၇) အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဥက္ကဋ္ဌ)
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ မျိုးစေ့ဥပဒေ/ ၀၂၅ / ၂၀၁၇-၁၈/ ၁၀၇၁
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ
တိုင်းဒေသကြီး/ ပြည်နယ်မျိုးစေ့တာဝန်ခံများ
မျိုးစေ့ကုမ္ပဏီများအားလုံး

**အမိန့်အရ**

(ဒေါက်တာရဲတင့်ထွန်း)
အတွင်းရေးမှူး
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ